Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org



ဧရာဝတီ သတင်းဌာနမှ ရိုက်ကူးထားခြင်းဖြစ်ပြီး၊ ၂၀၁၅ ခုနှစ်၊ ဧပြီလတွင် အေအေပီပီမှ ရရှိအသုံးပြု

## လက်ရှိအခြေအနေ အကျဉ်းချုပ်

ဧပြီလကုန်တွင် နိုင်ငံရေးအကျဉ်းသား ၁၅၇ ဦး မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း ဆက်လက် ထိန်းသိမ်းခံနေရပြီး၊ နိုင်ငံရေး လှုပ်ရှားမှုများကြောင့် တက်ကြွလှုပ်ရှားသူ ၄၅၃ ဦးတို့ တရားရင်ဆိုင်နေရပါသည်။ အစိုးရအပေါ် နိုင်ငံသားတို့၏ ဝေဖန်မှုများကို တိတ်ဆိတ်သွားစေပြီး၊ အစိုးရအား ဆန့်ကျင်သူများကို တရားစွဲထောင်ချခြင်းဖြင့် မြန်မာအစိုးရသည် နိုင်ငံသားများ၏ အခွင့်အရေးများကို ဆက်လက် ချိုးဖေါက်နေပါသည်။ ထို့အပြင် ထိုသူတို့၏ အခြေခံ လူ့အခွင့်အရေးများ လုပ်ဆောင်နိုင်ရန်လည်း ဆက်လက် တားမြစ်ထားဆဲ ဖြစ်ပါသည်။

# ၂၀၁၈ခုနှစ်၊ ဧပြီလ၊ နိုင်ငံရေးအကျဉ်းသားများ အခြေအနေပြ လစဉ် အစီရင်ခံစာ

## မာတိကာ


- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ကန့်သတ်တားမြစ်ချက်များ
- မြေယာသိမ်းဆည်းမှုများ
- အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

*[၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)]*
*[၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)]*

ယခုလတွင် နိုင်ငံရေးတက်ကြွ လှုပ်ရှားသူစုစုပေါင်း ၆၂ ဦး တရားစွဲဆိုခံခဲ့ရပြီး ၎င်းတို့ထဲမှ ၅ ဦး ဖမ်းဆီးခံခဲ့ရပါသည်။ တက်ကြွလှုပ်ရှားသူ ၁၆ ဦး ထောင်ဒဏ်များ ချမှတ်ခံရပြီး၊ ၇ ဦး အကျဉ်းထောင်များမှ ပြန်လည် လွတ်မြောက်လာခဲ့ပါသည်။ နိုင်ငံရေးအကျဉ်းသား သုံးဦးဖြစ်သော ကိုသန်းဆွေ၊ ကိုဝဏ္ဏစိုးနှင့် ကိုအောင်ချမ်းမင်းတို့၏ ကျန်းမာရေး အခြေအနေသည်လည်း စိုးရိမ်နေရကြောင်း သိရှိရပါသည်။

မတ်လတွင် လက်ပံတန်းကျောင်းသားများ ဆန္ဒပြပွဲအား ဖြိုခွင်းမှုသည် ယခုဧပြီလတွင်ပါ နိုင်ငံနှင့်တစ်ဝှမ်း ကြီးမားစွာ သက်ရောက်လျက်ရှိပြီး ထိုဖြိုခွင်းမှုအား နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချခဲ့ကြပါသည်။ အမျိုးသားပညာရေး ဥပဒေအား ဆန့်ကျင် ကန့်ကွက်ပြီးနောက် ကျောင်းသားများနှင့် အစိုးရ အာဏာပိုင်တို့ အကြား သဘောတူဖြည့်စွက် ပြင်ဆင်ထားသည့် ဥပဒေမူကြမ်းတစ်ခုအား ရေးဆွဲနိုင်ခဲ့ပြီး၊အောက်လွှတ်တော်မှ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် သဘောတူ သတ်မှတ်နိုင်ခဲ့ပါသည်။ ဆွေးနွေးစဉ်ကာလအတွင်း သဘောတူညီမှု ရရှိခဲ့သည့် အပိုဒ်တော်တော်များများအား ပြင်ဆင်ခဲ့သော်လည်း ကျောင်းသားတို့၏ အဓိကတောင်းဆိုချက်များအား ဥပဒေနောက်ဆုံး မူကြမ်းတွင် ဖြုတ်ပယ်ခံခဲ့ရပါသည်။ ဆွေးနွေးထားသည့် အပိုဒ် ၁၃၁ ခု ထဲမှ ၅၀ ခုကိုသာ အောက်လွှတ်တော်မှ ပြင်ဆင်ပြောင်းလဲခြင်းမရှိပဲ ထုတ်ပြန်ခဲ့ကြောင်းလဲ သိရှိရပါသည်။

ဧပြီလ ၁၀ ရက်နေ့တွင် လက်ပံတန်းဖြိုခွဲမှု တစ်လပြည့် အထိမ်းအမှတ် အဖြစ် ပဲခူးတိုင်းနှင့် မန္တလေးမြို့များတွင် ဆန္ဒပြပွဲများ ကျင်းပခဲ့ပါသည်။ ဖမ်းဆီးထိန်းသိမ်းခံနေရဆဲဖြစ်သည့် ကျောင်းသား ၇၀ ဦး အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ရေး တောင်းဆိုသည့် ငြိမ်းချမ်းစွာ ပြုလုပ်သည့် ဆန္ဒပြပွဲတွင် ဖမ်းဆီးထိန်းသိမ်းခံနေရသည့် ကျောင်းသားတို့၏ မိဘများနှင့် ထောက်ခံသူများပါဝင်ခဲ့ပါသည်။

ဧပြီလဆန်းပိုင်းတွင်မူ တရားဝင်သတင်းထုတ်ပြန်မှု မရှိသော်လည်း ကော်မတီ အမည်အသစ်တစ်ခုအား နောက်ထပ် ပြန်လည်ပြောင်းလဲရန် အစိုးရမှ ညွှန်ကြားခဲ့ကြောင်း သိရှိရပါသည်။ ထိုသို့အမည် ပြန်လည်ပြောင်းလဲခဲ့သော်လည်း အဖွဲ့ဝင်များအား ပြောင်းလဲခြင်းမရှိပဲ၊ အစိုးရ၏ နိုင်ငံရေးအကျဉ်းသားအရေး ကိုင်တွယ်ဖြေရှင်းမှုကို အမြဲတစ်စေ ဝေဖန်ပြောဆိုမှုပြုသည့် ယခင်ကော်မတီ အဟောင်း၏ အဓိကအဖွဲ့ဝင်များအား ဆက်လက် ဖယ်ထုတ်ထားခဲ့ပါသည်။ အစိုးရအနေဖြင့် ကော်မတီအမည် အပြောင်းအလဲများကိုသာ ဆက်လက် လုပ်ဆောင်နေသော်လည်း နိုင်ငံရေးအကျဉ်းသား အရေးအား ထည့်သွင်းစဉ်းစားခြင်းမရှိပါ။ အေအေပီပီ၏ တွဲဖက်အတွင်းရေးမှူး ဦးဘိုကြည်မှ ပြည်ထဲရေးဝန်ကြီးဌာနသည် ဆန္ဒပြ ကျောင်းသားများနှင့် တက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးနေစဉ်တွင် ဒုတိယ ပြည်ထဲရေးဝန်ကြီးသည် နိုင်ငံရေးအကျဉ်းသားများ စီစစ်ရေး ကော်မတီ၏ ဥက္ကဋ္ဌဖြစ်နေခြင်းကို မေးခွန်းထုတ်လိုက်ပြီး၊ အစိုးရသည် နိုင်ငံရေးအကျဉ်းသား အရေးကိစ္စအား လုံးဝစိတ်ဝင်စားမှု မရှိကြောင်း ဦးဘိုကြည်မှ စွပ်စွဲပြောဆိုလိုက်ပါသည်။
*[၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)]*

# ထိန်းသိမ်းခံရခြင်းများ

## ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗ-က-သ) အဖွဲ့ဝင် ကိုဇင်ကိုသန့် ဖမ်းဆီးထိန်းသိမ်းခံရ

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗ-က-သ) အဖွဲ့ဝင် တစ်ဦးဖြစ်သူ ရတနာပုံတက္ကသိုလ်မှ ကိုဇင်ကိုသန့်အား မြင်းခြံမြို့နယ် မြို့မရဲစခန်းမှ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း သိရှိရပါသည်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် မြင်းခြံမြို့ ဒီဂရီကောလိပ်မှ နိုင်ငံတော်အလံအား ကျောင်းသားသမဂ္ဂအလံနှင့် အစားထိုး လွှင့်တင်ရာတွင် ကိုဇင်ကိုသန့် ပါဝင်ကြောင်း ရဲများမှ စွပ်စွဲပြောကြားထားပါသည်။

ရတနာပုံတက္ကသိုလ် (ဗ-က-သ) ဥက္ကဖြစ်သူ၏ ပြောကြားချက်အရ အမည်တူသော အခြား ဇင်ကိုသန့်အား ဖမ်းဆီးဝရမ်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့အနေနှင့် ထင်မြင်ခဲ့ကြောင်း၊ ယခု ဖမ်းဆီးခံလိုက်ရသည့် ဇင်ကိုသန့်သည် ထိုအလံပြောင်းလဲ လွှင့်တင်သည့်ကိစ္စနှင့် ဆန္ဒပြပွဲတွင် ပါဝင်ပတ်သက်ခြင်း မရှိကြောင်း သိရှိရပါသည်။
[၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ]

## ကျောင်းသားဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့်အတွက် မပိုပိုဖမ်းဆီးတရားစွဲခံရ

သမိုင်းဘာသာအဓိက တတိယနှစ်ကျောင်းသူ တစ်ဦးဖြစ်သော နိုင်ငံရေးတက်ကြွလှုပ်ရှားသူ မပိုပိုသည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် သူမ၏နေအိမ်မှ ဖမ်းဆီးခံခဲ့ရပါသည်။ ဧပြီလ ၉ ရက်နေ့တွင် အင်းစိန်ထောင်သို့ မပို့ဆောင်မီ ရန်ကုန်မြို့ရှိ ကမာရွတ်မြို့နယ် ရဲစခန်းတွင် တစ်ညတာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပါသည်။

သူမအား ကမာရွတ်မြို့နယ် ရဲစခန်းမှ မတ်လ ၁၁ ရက်နေ့တွင် ဖမ်းဆီးဝရမ်း ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး၊ သူမအား မဖမ်းဆီးမီ ထိုကျောင်းသားဆန္ဒပြပွဲနှင့် စပ်လျဉ်းပြီး ကိုနန္ဒစစ်အောင်နှင့် ကိုဝင်းကျော့မှူးတို့အား ဦးစွာဖမ်းဆီးခဲ့ကြောင်း သိရှိရပါသည်။ မပိုပိုအား ကမာရွတ်မြို့နယ်တရားရုံးမှ ပုဒ်မ ၁၄၃၊ ၁၄၅၊ ၁၄၇၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅ (ခ) တို့ဖြင့် တရားစွဲဆိုထားပါသည်။ မပိုပိုအား စွဲဆိုထားသည့် ပုဒ်မများတွင် ထောင်ဒဏ် ၃ နှစ် ချမှတ်ခံရနိုင်သည့် ပုဒ်မအချို့နှင့်အတူ တရားမဝင်လူစုဝေးခြင်းနှင့် ဆူပူမှုတွင် ပူးပေါင်းပါဝင် လုပ်ဆောင်ခြင်းစသည့် ပုဒ်မများပါဝင်ပါသည်။ မပိုပိုသည် ကိုဝင်းကျော့မှူးနှင့်အတူ ဧပြီလ ၁၀ ရက်နေ့တွင် တရားရင်ဆိုင်ခဲ့ရကြောင်းလည်း သိရှိရပါသည်။
[၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)]

## ကျောင်းသားများအမှုပေါင်း ၅၀ ဖြင့် တရားရင်ဆိုင်နေရ

ကျောင်းသားများ၏ ရှေ့နေဦးရောဘတ်ဆန်းအောင်၏ ပြောကြားချက်အရ အာမခံဖြင့် လွတ်မြောက်ထားသည့် ၁၁ ဦးအပါအဝင် ကျောင်းသားများနှင့် တက်ကြွလှုပ်ရှားသူ စုစုပေါင်း ၈၁ ဦးတို့သည် ဆန္ဒပြရာတွင် ချီတက်ခဲ့သည့် မြို့နယ် တစ်မြို့နယ်အတွက် အမှု ၅ ခု ရင်ဆိုင်ရသဖြင့် အမှုပေါင်း ၅၀ မှုစီဖြင့် တရားရင်ဆိုင်နေရကြောင်း သိရပါသည်။ ဖမ်းဆီးရာတွင် ထွက်ပြေးတိမ်းရှောင်နေသဖြင့် နောက်ထပ်အမှုများဖြင့် တရားရင်ဆိုင်နေရသည့် ကျောင်းသားတစ်ဦးမှလွဲလျှင် ကျောင်းသားများသည် အနည်းဆုံးထောင်ဒဏ် အနှစ် ၂၀ ကျခံဖွယ်ရာရှိနေပါသည်။

မဖြိုးဖြိုးအောင်၊ ကိုနန္ဒစစ်အောင်၊ ကိုလင်းထက်နိုင်နှင့် အခြားကျောင်းသား တစ်ဦးတို့သည်လည်း ဗိုလ်တစ်ထောင်ရဲစခန်း၏ တရားစွဲဆိုမှုကြောင့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၈ ဖြင့် ထပ်မံ တရားရင်ဆိုင်နေရပါသည်။ အမျိုးသားပညာရေး ဥပဒေအား ဆန့်ကျင်ဆန္ဒပြမှုတွင် ကိုနန္ဒစစ်အောင်၏ အခန်းကဏ္ဍကြောင့် လက်ပံတန်းတရားရုံးတွင် နောက်ထပ် ပုဒ်မ ၅၀၅ (ခ)၊ ပုဒ်မ ၁၄၃ တို့နှင့်ပါ အမှုရင်ဆိုင်နေရပါသည်။
[၂၀၁၅ ခုနှစ်၊ ဧပြီ ၈ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)]
[၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)]
[၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)]

## ကျောင်းသားတို့၏ တရားရုံးချိန်းအား သာယာဝတီခရိုင်သို့ ပြောင်းရွှေ့

အာဏာပိုင်များမှ ဖမ်းဆီးထိန်းသိမ်းခံ ကျောင်းသားတို့၏ အမှုအား သာယာဝတီခရိုင်တရားရုံးသို့ ပြောင်းရွှေ့ရန် အစီအစဉ်ရှိသောကြောင့် ဖမ်းဆီးထိန်းသိမ်းခံ ကျောင်းသား ၇၀ ဦးအား လက်ပံတန်းတရားရုံးသို့ ဧပြီလ ၇ ရက် နေ့တွင် ရုံးထုတ်ခဲ့ပါသည်။ ကျောင်းသားတို့၏ အမှုအား လိုက်ပါဆောင်ရွက်ပေးနေသည့် ရှေ့နေမှ တရားရုံးပြောင်းခြင်းသည် လုံခြုံရေး အကြောင်းပြချက်ကြောင့်ဖြစ်ပြီး၊ အာဏာပိုင်များမှ ကျောင်းသားတို့အား ထောက်ခံမှုများပြားလာသည်ကို စိုးရိမ်ကာ သာယာဝတီအကျဉ်းထောင် အနီးရှိ တရားရုံးတွင် ရုံးထုတ်ခြင်းက ပိုမိုလွယ်ကူမည်ဟု ထင်မြင်သောကြောင့် တရားရုံးပြောင်းရွှေ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

တရားစွဲဆိုထားသည့် အမှုများတွင် တရားမဝင် လူစုဝေးခြင်း၊ ဆူပူအောင် လုပ်ဆောင်ခြင်းနှင့်၊ ပြည်သူ့ဝန်ထမ်းအား အန္တရာယ်ကျရောက်စေခြင်း စသည့်အမှုများ ပါဝင်ကြောင်းနှင့် ပုဒ်မ ၁၄၃၊ ၁၄၅၊ ၁၄၇၊ ၃၃၂ နှင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅ (ခ) တို့သည် ထောင်ဒဏ် ၃ နှစ်အထိ ကျခံနိုင်ရကြောင်းလည်းသိရှိရပါသည်။

ပညာရေးဥပဒေအား ဆန့်ကျင်ဆန္ဒပြမှုဖြင့် ဖမ်းဆီးခံထားရသူများသည် သာယာဝတီတရားရုံးတွင် ဧပြီလ ၃၀ ရက်နေ့၌ စတင် တရားရင်ဆိုင်ရမည်ဖြစ်သော်လည်း၊ ဖမ်းဆီးခံ ကျောင်းသားများနှင့် တက်ကြွလှုပ်ရှားသူများအား အမှုမစစ်ဆေးမီ ထွက်ပြေးတိမ်းရှောင်နေသော ကျောင်းသား ခေါင်းဆောင်များဖြစ်သည့် ကိုမြတ်သူ၊ ကိုရဲရင့်ကျော်၊ ကိုကျော်ကိုကိုတို့၏ အမှုအား ဦးစွာစစ်ဆေးခဲ့ကြောင်းလည်း

ထပ်မံသိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

*၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

**ဆန္ဒပြသည့်အတွက် ကိုသန့်ဇင် ဖမ်းဆီးခံရ**

ဖမ်းဆီးခံကျောင်းသားများနှင့် ထောက်ခံသူများအား လွှတ်ပေးရန် မြင်းခြံမြို့တွင် မတ်လ ၂၇ ရက်နေ့၌ တောင်းဆိုဆန္ဒပြခဲ့ကြပြီး ထိုဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့်အတွက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (အထက်မြန်မာပြည်) ၏ ဥက္ကဋ္ဌဟောင်းနှင့် မြင်းခြံခရိုင်မှ ထောက်ခံသူ တစ်ဦးဖြစ်သော ကိုသန့်ဇင်သည် မတ်လ ၃၀ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရ ပါသည်။

ဓါတ်ပုံအထောက်အထားများအရ ကိုသန့်ဇင်ကို ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲများမှ ပြောကြားခဲ့ပြီး၊ ၎င်းအား တရားရုံး၏ ဖမ်းဆီးဝရမ်းဖြင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်းသိရှိရပါသည်။ ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့် အခြားတက်ကြွလှုပ်ရှားသူ ၄ ဦးတို့အားလည်း ရဲများမှ စုံစမ်းစစ်ဆေးနေပြီး မကြာမီ ဖမ်းဆီးရန် စီစဉ်လျက်ရှိကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*

# ထောင်ဒဏ်ချမှတ် ခံရခြင်းများ

## နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၃ ဦးပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ်များချမှတ်ခံရ

ဦးဘမြင့်၊ ဦးဌေးအောင်နှင့် ဒေါ်လေးလေး(ခ) ဒေါ်စမ်းစမ်းတို့ ၃ ဦးအား ကျောက်တံတားမြို့နယ် တရားရုံးမှ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ် ၃ လ စီ ချမှတ်လိုက်ပါသည်။ မြန်မာနိုင်ငံသို့ ထိုင်းဝန်ကြီးချုပ် အလည်အပတ် ခရီးစဉ်အတွင်း ထိုင်းနိုင်ငံ လိပ်ကျွန်းလူသတ်မှုနှင့်ပတ်သက်ပြီး စွပ်စွဲဖမ်းဆီးခံထားရသည့် မြန်မာလူငယ်နှစ်ဦး အရေးအား တရားမျှတစွာဆောင်ရွက်ရန် တောင်းဆိုဆန္ဒပြခဲ့သည့်အတွက် ထိုသို့ ထောင်ဒဏ် ချမှတ်ခံခဲ့ရခြင်းဖြစ်ပါသည်။

*၂၀၁၅ ခုနှစ်၊ ဧပြီလ၊ အေအေပီပီ*

## ကိုဆန်းအောင်ဝင်းနှင့် ကိုကျော်ဇင်လတ်တို့ နှစ်ဦးထောင်ဒဏ် ၃ လစီချမှတ်ခံရ

ကိုဆန်းအောင်ဝင်းနှင့် ကိုကျော်ဇင်လတ်တို့ နှစ်ဦးအားရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့၌ တောင်းဆိုဆန္ဒပြခဲ့သည့်အတွက် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခဲ့ပါသည်။ ထိုသူ နှစ်ဦးတို့သည် မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုခဲ့ပြီး၊ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီမိုကရေစီအစိုးရဆိုသည်ကို ထောက်ခံပါသလားဟု လူထုအားမေးမြန်းခဲ့ပါသည်။ ထိုကြောင့် ၎င်းတို့နှစ်ဦးအား ကျောက်တံတားမြို့နယ် တရားရုံးမှ ၂၀၁၅ ခုနှစ်၊ ဧပြီ ၂၉ ရက်နေ့တွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ လစီ ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။

*၂၀၁၅ ခုနှစ်၊ ဧပြီလ၊ အေအေပီပီ*

## ကိုရဲကျော်သူထောင်ဒဏ် တစ်နှစ်နှင့် ခြောက်လချမှတ်ခံရ

ကိုရဲကျော်သူ (ခ) ကိုပဲပဲအား နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ) ဖြင့် ပန်းတောင်းမြို့နယ် တရားရုံးမှ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ထောင်ဒဏ် တစ်နှစ်နှင့် ခြောက်လချမှတ်လိုက်ပါသည်။ ပဲခူးတိုင်း၊ ပြည်မြို့၌ သိမ်းဆည်းခံမြေယာများရရှိရန် ၂၀၁၄ ခုနှစ်၊ မတ်လတွင်၊ ဆန္ဒပြတောင်းဆိုခဲ့ကြသည့် လယ်သမားများအား ကူညီထောက်ပံ့ပေးမှုနှင့် လယ်သမားများ ဆန္ဒပြရန် လှုံ့ဆော်ခြင်းကြောင့်ဟုဆိုကာ ထိုကဲ့သို့ ထောင်ဒဏ် ချမှတ်ခံရခြင်းဖြစ်သည်။

*၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## ကိုသိန်းအောင်မြင့် ထောင်ဒဏ် ၆ လ ထပ်မံ ချမှတ်ခံရခြင်း

ဆန္ဒပြစဉ်အတွင်း အစိုးရနှင့် တပ်မတော် ခေါင်းဆောင်များကို စော်ကားခြင်းကြောင့်ဟုဆိုကာ ကိုသိန်းအောင်မြင့်အား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် အမြင့်ဆုံးထောင်ဒဏ် ၆ လ ချမှတ်လိုက်ပါသည်။ မွန်ပြည်နယ်တွင် ကရင်လက်နက်ကိုင်များနှင့် တိုက်ပွဲဖြစ်ပွါးနေသော မြန်မာတပ်မတော်သားများ၏ သတ်ဖြတ်ခြင်းကို ခံလိုက်ရသည့် ကိုပါကြီးအမှုအား တရားမျှတမှုရှိစေရန်အတွက် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ကိုသိန်းအောင်မြင့်မှ ခွင့်ပြုချက်မရပဲ ဆန္ဒပြတောင်းဆိုခဲ့သည့်အတွက် ထိုကဲ့သို့ ထောင်ဒဏ် ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ တရားရေးစနစ်အား ယုံကြည်မှုမရှိခြင်းကြောင့် ကိုသိန်းအောင်မြင့်မှ အယူခံတင်မည် မဟုတ်ကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

## ကိုဝေဠု ထောင်ဒဏ် တစ်နှစ် ချမှတ်ခံရခြင်း

ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် ဆန္ဒပြနေကြသော မိချောင်းကန် သပိတ်စခန်းမှ ဆန္ဒပြသူများအား ကူညီထောက်ပံ့ခြင်းကြောင့်ဟုဆိုကာ ကိုဝေဠုအား နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ) ဖြင့်၊ ကျောက်တံတားမြို့နယ် တရားရုံးမှ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ထောင်ဒဏ် ၁ နှစ် ချမှတ်လိုက်ပါသည်။

*၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## လျှပ်စစ်မီတာခအရေး ဆန့်ကျင်ဆန္ဒပြသည့်အတွက် ကိုတင်ထွဋ်ပိုင် ထောင်ဒဏ် ၃ လ ချမှတ်ခံရ

မြန်မာတစ်နိုင်ငံလုံးတွင် လျှပ်စစ်မီတာခများ တိုးမြင့်သွားခြင်းကြောင့် ရန်ကုန်မြို့၌ ၂၀၁၄ ခုနှစ်၊ မတ်လတွင် ဆန္ဒပြခဲ့ကြပြီး၊ ထိုဆန္ဒပြပွဲကို ပူးပေါင်းပါဝင်ခြင်းကြောင့်ဟုဆိုကာ ကိုတင်ထွဋ်ပိုင်အား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခဲ့ပြီး၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် အလုံမြို့နယ်တရားရုံးမှ ကိုတင်ထွဋ်ပိုင်အား ထိုပုဒ်မဖြင့် ထောင်ဒဏ် ၃ လ ချမှတ်ခဲ့ပါသည်။ ကိုတင်ထွဋ်ပိုင်မှ အစိုးရသည် အခြားတိုင်းပြည်များအား လျှပ်စစ်ဓါတ်အား ရောင်းစားနေချိန်တွင် ပြည်သူများမှာ ဈေးကြီးပေး၍ ဝယ်သုံးနေရကြောင်း အစိုးရအားစွပ်စွဲပြောကြားလိုက်ပါသည်။

*၂၀၁၅ ခုနှစ်၊ ဧပြီလ ၅ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*

## ဒေါ်နော်အုန်းလှ အင်းစိန်ထောင်တွင်း ထိန်းသိမ်းခံရစဉ် ထောင်ဒဏ် လေးလချမှတ်ခံရ

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့ ဆန္ဒပြစဉ်အတွင်း ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၈ အား ချိုးဖေါက်သည်ဟု ပြစ်မှုထင်ရှားသည့်အတွက် ဒေါ်နော်အုန်းလှအား အင်းစိန်အကျဉ်းထောင်အတွင်း ထိန်းသိမ်းထားစဉ်တွင် ဗဟန်းမြို့နယ် တရားရုံးမှ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ထောင်ဒဏ် လေးလချမှတ်လိုက်ပါသည်။ သူမအား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်မှစ၍ ဖမ်းဆီးထားခဲ့ခြင်းဖြစ်ပြီး၊ ရန်ကုန်မြို့၊ မြို့နယ် တရားရုံး ၅ ခုတွင် ဆက်လက် တရားရင်ဆိုင်နေရဆဲဖြစ်သည်။ မိုင်းစီမံကိန်းအား ဆန့်ကျင်ဆန္ဒပြမှု အတွင်း

ရဲများ၏ ပစ်ခတ်နှိမ်နင်းမှုကြောင့် လက်ပန်းတောင်း လယ်သမား ဒေါ်ခင်ဝင်း သေနတ်ထိမှန် သေဆုံးရခြင်းကို စုံစမ်းစစ်ဆေးပေးရန် ရန်ကုန်မြို့ တရုတ်သံရုံးရှေ့တွင် တောင်းဆိုခဲ့ကြသည့်အတွက် ဒေါ်နော်အုန်းလှနှင့် အခြား တက်ကြွလှုပ်ရှားသူ ၅ ဦးတို့ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

**တက်ကြွလှုပ်ရှားသူများပထမဦးဆုံးအကြိမ် တရားရုံးချိန်းတွင် ထောင်ဒဏ် ချမှတ်ခံရ**

ကျောင်းသားသမဂ္ဂ အဆောက်အဦအား ပြန်လည်ဆောက်လုပ်ပေးရန် တောင်းဆိုဆန္ဒပြခဲ့သည်ဟု ၂ ဦးစလုံးမှ ဝန်ခံပြောဆိုပြီးနောက် ရှေ့နေဦးမြင့်အေးနှင့် တက်ကြွလှုပ်ရှားသူ ကိုမျိုးသူထွဋ်တို့ နှစ်ဦးအား ပထမအကြိမ် ရုံးချိန်းတွင်ပင် ထောင်ဒဏ်များ ချမှတ်လိုက်ပါသည်။ ၎င်းတို့အား ဆန္ဒပြရန်အတွက် တရားဝင်ခွင့်ပြုချက် တင်ရန် ပျက်ကွက်ခဲ့သောကြောင့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး၊ ၎င်းတို့ ၂ ဦး၏ ရှေ့နေဒေါ်အေးသဏ္ဍာမှ ပထမဦးဆုံးအကြိမ် တရားရုံးချိန်းတွင် တရားသူကြီးမှ ထိုကဲ့သို့ နောက်ဆုံးစီရင်ချက် ချခြင်းမျိုးကို မတွေ့ဘူးကြောင်း ပြောကြားခဲ့ပါသည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*

**မြေယာအရေးတက်ကြွလှုပ်ရှားသူတစ်ဦးထောင်ဒဏ် ၃ လ ချမှတ်ခံရ**

ရခိုင်ပြည်နယ် ငပလီကမ်းခြေ တစ်လျှောက်ရှိ သိမ်းဆည်းခံ မြေယာများအား ပြန်လည်ပေးအပ်ရန် တောင်းဆိုဆန္ဒပြခဲ့သည့် ဒေသခံမြေယာအရေး တက်ကြွလှုပ်ရှားသူ ကိုစောဝေအား ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် သံတွဲမြို့နယ်တရားရုံးမှ၊ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ထောင်ဒဏ် ၃ လ ချမှတ်လိုက်ပါသည်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ကိုစောဝေသည် ငပလီမြို့ ဇီးဖြူကုန်းရပ်ကွက်ရှိ Hilton ဟိုတယ်မှ ဖြတ်၍ ခရီးရှည် လမ်းလျှောက်ချီတက်ခဲ့ပြီး၊ "ငါတို့မြေငါတို့ကို ပြန်ပေး" ဆိုသည့် တောင်းဆိုချက် ပါရှိသည့် တီရှပ်အင်္ကျီအား ဝတ်ဆင်ပြီး၊ ထိုတောင်းဆိုချက်အား တောင်းဆိုခဲ့ပါသည်။ ကိုစောဝေသည် ယခင်အကြိမ်များတွင်လည်း တစ်ကိုယ်တော် ဆန္ဒပြခဲ့ခြင်းကြောင့် ထောင်ဒဏ် ၉ လ ချမှတ်ခြင်း ခံခဲ့ရဘူးပါသည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်၊ Burma News International (အင်္ဂလိပ်)*

# ထောင်မှလွတ်မြောက်မှုများ

### ဦးသက်ဝေနှင့် ကိုရွှေကိုဦးအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်

ပုသိမ် အကျဉ်းထောင်အတွင်း ထိန်းသိမ်းခံထားရသော မြေယာအရေး တက်ကြွလှုပ်ရှားသူ နှစ်ဦး ဖြစ်သည့် ဦးသက်ဝေနှင့် အမှုတွဲဖြစ်သူ ကိုရွှေကိုဦးတို့ ထောင်ဒဏ်များကျခံပြီးနောက် ၂၀၁၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့ကြောင်း ယခုဧပြီလတွင် သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ၊ အေအေပီပီ*

### လယ်သမား ၅ ဦးထောင်ဒဏ်များကျခံပြီးနောက် အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်

လယ်ယာမြေများ ပြန်လည်ရရှိရန် တောင်းဆိုဆန္ဒပြခဲ့ကြသည့် လယ်သမား ၅ ဦးတို့သည် ထောင်ဒဏ်များကျခံပြီးနောက် အကျဉ်းထောင်အသီးသီးမှ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသ၊ ကန့်ဘလူမြို့နယ်၊ ငှက်ပျောတိုင်းရွာမှ ဦးမောင်ပုသည် မြေယာများ ပြန်လည်ရရှိရန် ဆန္ဒပြခဲ့သည့်အတွက် ထောင်ဒဏ် တစ်နှစ် ချမှတ်ခံရပြီး မိတ္ထီလာအကျဉ်းထောင်တွင် ထိန်းသိမ်းခံခဲ့ရကာ ပြန်လည် လွတ်မြောက်ခဲ့ခြင်း ဖြစ်သည်။ စစ်တပ်နှင့် စီးပွါးရေးလုပ်ငန်းရှင် ဦးထိုင်ထိုင်မှ သိမ်းဆည်းထားသော ၎င်းတို့၏ မြေယာများအား ပြန်လည်ပေးအပ်ရန် တောင်းဆိုဆန္ဒပြခဲ့ကြသည့် ဒေါ်ညို၊ ဒေါ်မုန်းနှင့် ဒေါ်ခင်မာအေးတို့သည်လည်း ပေါင်းတည်အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်ခဲ့ပါသည်။ ထို့အပြင် စစ်ကိုင်းတိုင်း၊ မတ္တရာမြို့နယ်၊ တံငါရွာမှ မြေယာအရေးတက်ကြွလှုပ်ရှားသူ ကိုနေဝင်းသည်လည်း မန္တလေး အိုးဘိုအကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်ခဲ့ပါသည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

# ထောင်တွင်းအခြေအနေများ

**ထိန်းသိမ်းခံနေရစဉ်အတွင်း ကိုထင်ကျော် ဆန္ဒပြ**

မြန်မာဒီမိုကရေစီ စဉ်ဆက်မပြတ် လှုပ်ရှားမှုအဖွဲ့ (MDCF) ခေါင်းဆောင် ကိုထင်ကျော်သည် အင်းစိန်အကျဉ်းထောင်အတွင်း ထောင်ဒဏ် ၁၃ နှစ်နှင့် ၆ လ လက်ရှိအချိန်တွင် ကျခံနေရပြီး၊ ဖမ်းဆီး ထိန်းသိမ်းခံနေရစဉ်အတွင်း ဆန္ဒပြနေကြောင်း သိရှိရပါသည်။ ကိုထင်ကျော်အား မူလထိန်းသိမ်းထားရာ အကျဉ်းထောင်တိုက်ခန်းမှ သီးသန့်အဆောင်သို့ ပြောင်းရွှေ့ခြင်းနှင့် ပတ်သက်ပြီး ထောင်အာဏာပိုင်များ၏ ဖြေရှင်းချက်အား မကျေနပ်သော ကြောင့် ဆံပင်မညှပ်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများမရိတ်ပဲ၊ ၎င်းအား ထိန်းသိမ်းထားရာ တိုက်ခန်းကျဉ်းလေးမှပင် အပြင် မထွက်ရန် ဆုံးဖြတ်ထားကြောင်း ကိုထင်ကျော်၏ဇနီး ဒေါ်သန်းသန်းမော်၏ ပြောကြားချက်အရ သိရှိရပါသည်။

ကိုထင်ကျော်အား အခန်းဆေးသုတ်ရန်ဟု အကြောင်းပြချက်ပေးပြီး တိုက်ခန်းလွတ် များစွာရှိသော်လည်း လူသတ်မှု တစ်ဦး၊ သေဒဏ်ကျခံ နေရသူ တစ်ဦးတို့နေသည့် အဆောင်ရှိတိုက်ခန်းသို့ ပြောင်းရွှေ့ကာ ထိုသူနှစ်ဦးနှင့်အတူ နှစ်ပတ်ခန့် ထိန်းသိမ်းထားခဲ့ကြောင်း၊ ကိုထင်ကျော်မှ ထိုညွှန်ကြားချက်သည် ထောင်အာဏာပိုင်များထံမှ မဟုတ်ပဲ ပြည်ထဲရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်ဟု ယူဆကြောင်းနှင့် ယခုရက်များအတွင်း ကိုထင်ကျော်သည် ရေချိုးရန်နှင့် ထောင်ဝင်စာထွက်ရန်သာ ၎င်းထိန်းသိမ်း ခံထားရသည့် တိုက်ခန်းမှ အပြင်ထွက်ကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၉ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**ထောင်တွင်းအစာငတ်ခံဆန္ဒပြသူတစ်ဦးစိတ်ရောဂါဆေးရုံသို့ ပို့ဆောင်ခြင်းခံရ**

၂၀၁၃ ခုနှစ် မြေယာအရေး ဆန္ဒပြမှုအတွင်း ရဲ တစ်ဦး သေဆုံးခြင်းကြောင့် လူသတ်မှုဖြင့် တရားစွဲဆို ထောင်ချခြင်းခံခဲ့ရသည့် လယ်သမား ဦးမောင်စိုးသည် မအူပင် အကျဉ်းထောင်အတွင်း ထောင်ကျခံနေရစဉ် အာဏာပိုင်များမှ နောက်ထပ် ပုဒ်မများဖြင့် ထပ်မံစွဲဆိုသည့်အတွက် အကျဉ်းထောင်အတွင်း အစာငတ်ခံ ဆန္ဒပြခဲ့ပါသည်။ ဆန္ဒပြခြင်း လေးရက်မြောက်နေ့တွင် ရွာသာကြီး စိတ်ရောဂါကုဆေးရုံသို့ ပို့ဆောင်ခံလိုက်ရကြောင်းသိရှိရပါသည်။ ဦးမောင်စိုးသည် ထောင်ဒဏ် ၃ နှစ်ချခံထားရသည့်အပြင် အမှု ရင်ဆိုင်နေရသည်မှာ ၃၂ ကြိမ်ရှိနေပြီး၊ တရားခံနောက်တစ်ယောက် လာရောက်အဖမ်းခံသည့်အတွက် ထိုရင်ဆိုင်ပြီးသော တရားရုံး ၃၂ ကြိမ်အား ပယ်ဖျက်ကာ၊ နောက်ထပ်အစမှ ပြန်၍စစ်ဆေးရန် အာဏာပိုင်များမှ ပြောဆိုလိုက်ပြီးနောက်၊ မခံမရပ်နိုင်ဖြစ်ပြီး အစာငတ်ခံ ဆန္ဒပြခြင်းဖြစ်ကြောင်း ၎င်း၏ဇနီးမှ ဒီဗွီဘီသတင်းဌာနသို့ ပြောကြားလိုက်ပါသည်။

ဦးမောင်စိုးအား စိတ်ရောဂါအခြေအနေ လွန်စွာဆိုးရွားနေသည့် လူနာများနှင့် လက်ရှိအချိန်တွင် ထိန်းသိမ်းထားကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၄ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

**ဖမ်းဆီးခံကျောင်းသားများ မိသားစုဝင်များနှင့် ရှေ့နေတွေ့ခွင့်မရ**

ဖမ်းဆီးခံကျောင်းသူတစ်ဦးဖြစ်သော ဒီမိုကရေစီပညာရေး လှုပ်ရှားမှု၏ ဦးဆောင်ကော်မတီ အဖွဲ့ဝင်ဖြစ်သူ မဖြိုးဖြိုးအောင်မှ လက်ရှိ တရားစီရင်ရေး စနစ်သည် လုံးဝပွင့်လင်းမြင်သာမှု မရှိကြောင်း ပြောကြားလိုက်ပါသည်။ ဖမ်းဆီးခံကျောင်းသားများအနေဖြင့် ရှေ့နေနှင့်တွေ့ရန် ခက်ခဲနေသေးကြောင်း၊ အချို့ဖမ်းဆီးခံ ကျောင်းသားများသည်လည်း မိသားစုဝင်များနှင့် ယခုထက်တိုင် မတွေ့ရသေးကြောင်းသိရှိရပါသည်။ ထိုအပြင် မိဘဆွေမျိုးများ တရားရုံးချိန်းသို့ တက်ရောက်နားထောင်နိုင်ရန်ကိုလည်း အစိုးရမှ ခွင့်မပြုကြောင်းနှင့် အမှန်တကယ် ကျောင်းသားဖြစ်ကြောင်း သက်သေမပြနိုင်သော ဖမ်းဆီးခံကျောင်း သားများကို လွှတ်ပေးရန် လွှတ်တော်အမတ်များမှ ငြင်းဆန်ထားကြောင်းလည်း သိရှိရပါသည်။ အဝေးသင် တက်ရောက်နေသောကျောင်းသား ၁၃ ယောက်တို့ သည် တက္ကသိုလ်တက်နေကြောင်း သက်သေပြရန် အခက်အခဲရှိနိုင်ကြောင်း လည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*

**ဖမ်းဆီးခံနေရစဉ်အတွင်း ကျောင်းသားများ၏ ကျန်းမာရေး မိဘများမှ စိုးရိမ်**

လက်ပံတန်းဆန္ဒပြမှုအား ဖြိုခွင်းမှုမှ ဖမ်းဆီး ထိန်းသိမ်းခံထားရသော ကျောင်းသားများသည် ၎င်းတို့၏ တရားရုံးချိန်းအား ပြည်သူလူထု တက်ရောက်နားထောင်နိုင်သည့် ပွင့်လင်းမြင်သာမှုရှိသည့် တရားကြားနာမှုများ ဖြစ်ရန် တောင်းဆိုလိုက်ကြပါသည်။ တစ်ပတ်တစ်ခါ ထောင်ဝင်စာ ၅ မိနစ်မှ ၁၅ မိနစ်သာတွေ့ဆုံခွင့်ရသည့် ဖမ်းဆီးခံကျောင်းသားတို့၏ မိဘအချို့သည် ၎င်းတို့သားသမီးများ ကျန်းမာရေးအတွက် စိုးရိမ်သောကရောက်နေကြပါသည်။ ဆန္ဒပြပွဲ ဖြိုခွဲမှုအတွင်း ရဲတစ်ဒါဇင်ကျော်တို့၏ ရိုက်နှက်ခြင်းကိုခံခဲ့ရသည့် ကျောင်းသားခေါင်းဆောင် ကိုမင်းသွေးသစ်၏ မိခင်သည် သူမ၏သားအား ထောင်ဆေးရုံမှ သင့်တော်သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုလားလျက် ရှိပြီး သာယာဝတီအကျဉ်းထောင်ရှိ ကျောင်းသားများအား ထောင်ဝင်စာ သွားရောက်တွေ့ဆုံခဲ့သည့် ရှေ့နေတစ်ဦးမှလည်း ရဲများဖြိုခွင်းစဉ်အတွင်း ဦးခေါင်းတွင် ဒဏ်ရာရရှိသည့် ကျောင်းသားများသည်လည်း ခေါင်းမှ ဒဏ်ရာများပျောက်ကင်းရန် ကြိုးစားနေရကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**အစိုးရ၊ ရဲများနှင့် စစ်တပ်အား ကျိန်ဆဲမှု ပြုလုပ်သည့်အတွက် နိုင်ငံတကာ အသိအမှတ်ပြု ပန်းချီဆရာ ဖမ်းဆီးခံရ**

ရန်ကုန်မြို့တွင် နေထိုင်သည့် နိုင်ငံတကာ အသိအမှတ်ပြု ပန်းချီဆရာ တစ်ဦးဖြစ်သလို ထောင်ဒဏ် ၁၃ နှစ် ကျခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသား ဟောင်း ကိုစန်းဇော်ထွေးသည် အစိုးရ၊ ရဲများနှင့် စစ်တပ်အား ကျိန်ဆဲထားသည့် ဆိုင်းဘုတ်ကို ရေးသားပြီး သူ၏နေအိမ်ရှေ့တွင် ချိတ်ဆွဲထားမှုကြောင့်၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပါသည်။

"ပြည်သူလူထုအား ဒုက္ခပေးသူ အစိုးရ၊ ရဲများ၊ စစ်တပ်နှင့် ၎င်းတို့၏ လက်ကိုင်တုတ်များ ကံဆိုးမှုအပေါင်း ကျရောက်ပါစေဟု ဆုတောင်းသည်" ဆိုသည့်စာကို ဆိုင်းဘုတ်တွင် ရေးသားထားခဲ့ပြီး၊ ထိုသို့ရေးသား ဆုတောင်းခဲ့သည့်အတွက် ရဲစခန်းတွင် ၁၂ နာရီကြာ ထိန်းသိမ်းခံခဲ့ရပြီးနောက် ပြန်လည် လွတ်မြောက်ခဲ့ပါသည်။ ကိုစန်းဇော်ထွေးအား မည်သည့်ပုဒ်မနှင့်မှ တရားစွဲဆိုခြင်း မရှိကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၅ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

**လက်ပန်းတောင်း ကြေ့ပါးမိုင်းအရေး ဆန့်ကျင်ဆန္ဒပြသူကို သေနတ်ဖြင့် ပစ်ခဲ့သည့်ရဲအား လူသတ်မှုဖြင့် တရားစွဲနိုင်ကြောင်း တရားရုံးမှ ပြောကြား**

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ ဆန္ဒပြမှုအတွင်း၊ ရဲမှ လယ်သမား ဒေါ်ခင်ဝင်းအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း စစ်ကိုင်းတိုင်း၊ ဆားလင်းကြီး မြို့နယ် တရားရုံးမှ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ပြောကြားလိုက်ပါသည်။ လက်ပန်းတောင်း ကြေ့ပါးမိုင်း စီမံကိန်းအား ကန့်ကွက်ဆန္ဒပြမှုအတွင်း ဆန္ဒပြလူစုအား ရဲများမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ဒေါ်ခင်ဝင်း၏ ဦးခေါင်းအား ထိမှန်ခဲ့ပြီး၊ ထိုဒဏ်ရာဖြင့်ပင် သေဆုံးခဲ့သည့်အတွက် တရားရုံး၏ ဆုံးဖြတ်ချက်အရ ဒေါ်ခင်ဝင်းမိသားစုများအနေဖြင့် ပစ်ခတ်ခဲ့သည့်ရဲအား လူသတ်မှုဖြင့် တရားစွဲဆိုနိုင်ကြောင်း ပြောကြားလိုက်သည်ဟု သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

**ဖမ်းဆီးခံကျောင်းသူ မဖြိုးဖြိုးအောင်မှ ပွင့်လင်းမြင်သာမှုရှိသည့် တရားရုံးကြားနာမှုဖြစ်ရန် တောင်းဆို**

ပညာရေးဥပဒေ ပြုပြင်ပြောင်းလဲရန်အတွက် လက်ပံတန်းမြို့တွင် ဆန္ဒပြ တောင်းဆိုခဲ့ကြသည့် ဖမ်းဆီး တရားစွဲခံနေရသည့် ကျောင်းသားများ၏ တရားရုံးချိန်းအား သာယာဝတီတရားရုံးသို့ ပြောင်းရွှေ့လိုက်ပါသည်။ ထိုကျောင်းသားလှုပ်ရှားမှုတွင် ဦးဆောင်သူ တစ်ဦးဖြစ်သည့် မဖြိုးဖြိုးအောင်မှ တရားရုံးကြားနာမှုတွင် သတင်းထောက်များနှင့် ရှေ့နေများ တက်ရောက်ခွင့်ရရန် လိုအပ်ကြောင်း တောင်းဆိုလိုက်ပါသည်။

မဖြိုးဖြိုးအောင်၏မိခင် ဒေါ်သန္တာမှ သူမ၏သမီးအား ထောင်ဝင်စာ တွေ့ဆုံစဉ်တွင် သူမတို့ စကားပြောဆိုနေခြင်းအား ထောင်အာဏာပိုင်များမှ အနီးကပ်စောင့်ကြည့်ပြီး သူမတို့ နှစ်ဦးပြောသည့် စကားများအားလည်း စာဖြင့်ရေးမှတ်ကြကြောင်း ပြောကြားလိုက်ပါသည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့၊ ဒီဗွီဘီ (အင်္ဂလိပ်)*

**ဆန္ဒပြခြင်းကြောင့် ကျောင်းသား ၄၇ ဦး တရားစွဲခံရ**

မန္တလေး ရတနာပုံတက္ကသိုလ်နှင့် မြင်းခြံ နည်းပညာတက္ကသိုလ်မှ ဆန္ဒပြကျောင်းသား ၄၇ ဦးတို့အား အာဏာပိုင်များမှ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုလိုက်ကြောင်း သိရှိရပါသည်။ ထို ၄၇ ဦးထဲမှ မြင်းခြံနည်းပညာတက္ကသိုလ် ကျောင်းသား ၁၀ ဦးတို့သည် ဖမ်းဆီးခံနေရသည့် ကျောင်းသားများ လွတ်မြောက်ရန်အတွက် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် တောင်းဆိုဆန္ဒပြခဲ့ခြင်းဖြစ်ပြီး၊ ကျောင်းသား ၃၇ ဦးတို့သည် ဆန္ဒပြနေသည့် ပင်မသပိတ်စစ်ကြောင်းအား ထောက်ခံသည့်အနေဖြင့် မန္တလေး ရတနာပုံ တက္ကသိုလ်တွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ဆန္ဒပြခဲ့သည့်အတွက် ထိုသို့ တရားစွဲဆိုခံခဲ့ရခြင်းဖြစ်ပါသည်။ ကျောင်းသား ၄၇ ဦးတို့အား အမရပူရ မြို့နယ်ရဲစခန်းမှ တရားစွဲဆိုထားခြင်းဖြစ်ကြောင်းလည်း သိရှိရပါသည်။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗ-က-သ)၊ မြင်းခြံခရိုင်မှ ကျောင်းသားများသည် တရားရုံးတွင် တရားရင်ဆိုင်ခြင်း မပြုလုပ်ရန် ဆုံးဖြတ်ထားသည်ဟုလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**ကျောင်းသားဆန္ဒပြပွဲတွင် ပါဝင်ခြင်းကြောင့် မသန်စွမ်းသူအမျိုးသမီးအား အိမ်မှဖယ်ရှားခြင်း မဟုတ်ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ငြင်းဆန်လိုက်ခြင်း**

ကျောင်းသားဆန္ဒပြပွဲတွင် ပါဝင်ခဲ့ခြင်းကြောင့် အသက် ၂၅ နှစ်အရွယ် မသန်စွမ်းအမျိုးသမီး မစုပုံချစ်အား နေအိမ်တိုက်ခန်းမှ ဖယ်ရှားခိုင်းခြင်း မဟုတ်ကြောင်း အစိုးရမှ ငြင်းဆန်လိုက်ပါသည်။ မစုပုံချစ်အား ကျောင်းသားဆန္ဒပြပွဲများ မတိုင်ခင်တွင် စာပို့ထားခြင်းဖြစ်ကြောင်း၊ လက်တစ်လောကာလတွင် တိုးတက်လာသည့် ဝန်ထမ်းဦးရေအတွက် နေစရာ တိုက်ခန်းများ လိုအပ်လာသောကြောင့် ထိုသို့ ဖယ်ရှားခိုင်း ရခြင်းဖြစ်ကြောင်း လူမှုဖူလုံရေးနှင့် ပြန်လည်နေရာချထားရေး ဌာနမှ ပြောကြားလိုက်ပါသည်။ မစုပုံချစ်သည် သူမ ဘွဲ့လွန်စာမေးပွဲ ဖြေဆိုနေစဉ်အတွင်း မတ်လ လကုန်ပိုင်းတွင် သူမ နေထိုင်သည့် တိုက်ခန်းကို အစိုးရအား ပြန်လည် ပေးအပ်လိုက်ကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

# နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ကန့်သတ်တားမြစ်ချက်များ

**ကျောင်းသားများ ဆန္ဒပြမှုကို ကူညီခြင်းကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်း ငါးဦး ဖမ်းဆီးဝရမ်းထုတ်ပြန်ခံရ**

လက်ပံတန်း ဆန္ဒပြ ကျောင်းသားများ ဖမ်းဆီးခံရသည်ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့၌ ဆန့်ကျင်ဆန္ဒပြပွဲ ပြုလုပ်ခဲ့ပြီး ထိုဆန္ဒပြပွဲအား ကူညီခဲ့သူ ကိုသန့်ဇင်၊ ကိုကိုနိုင်၊ ကိုထင်အောင်ကျော်၊ ကိုအောင်စိုးသိန်းနှင့် ကိုဖြိုးဟန်တို့ ၅ ဦးအား ရဲမှ ဖမ်းဝရမ်း ထုတ်ပြန်လိုက်ပါသည်။ ရဲများ၏ ပြောကြားချက်အရ ထိုသူ ၅ ဦး ဆန္ဒပြပွဲတွင် ကူညီပါဝင်ခဲ့ကြောင်း သက်သေများ၊ ဓါတ်ပုံအထောက် အထားများ ရှိသည်ဟုလည်း သိရှိရပါသည်။ သို့သော်လည်း စွပ်စွဲခံရသူများထဲမှ တစ်ဦးဖြစ်သူ ကိုဖြိုးဟန်မှ ဆန္ဒပြနေစဉ်အတွင်း သူသည် မြို့တွင် မရှိကြောင်း ပြောကြားလိုက်ပါသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ နီးလာသည့်အတွက် တက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးထိန်းသိမ်းရန် နည်းဗျူဟာတစ်ခုသာ ဖြစ်ကြောင်း ကိုဖြိုးဟန်မှ ဆက်လက်ပြောကြားလိုက်ပါသည်။ စွပ်စွဲခံရသူ ၅ ဦးစလုံးသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ ဖြစ်ကြပြီး၊ ၁၉၈၈ ခုနှစ်၏ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗ-က-သ) အထက်မြန်မာနိုင်ငံ ဥက္ကဋ္ဌဟောင်း ဖြစ်သူ ကိုသန့်ဇင်သည် ၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှ စ၍ ဖမ်းဆီးခံထားရကြောင်းလည်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

# မြေယာသိမ်းဆည်းမှုများ

**ထွန်တုံးတိုက်ပွဲဝင် လယ်သမားများအား ချမှတ်လိုက်သည့် ပြစ်ဒဏ်အား ဒေသခံများမှ ဆန့်ကျင်ဆန္ဒပြ**

၎င်းတို့၏မြေယာများအား စစ်တပ်မှ သိမ်းဆည်းထားသည့်အတွက် မြေယာများ ပြန်လည်ရရှိရန် ထွန်တုံးတိုက်ပွဲ ဆင်နွှဲခဲ့ကြသည့် လယ်သမားသုံးဦးတို့အား ဖရူးဆိုးမြို့နယ် တရားရုံးမှ ပြစ်ဒဏ်များ ချမှတ်လိုက်သည်ကို ကရင်နီပြည်နယ်၊ ဖရူးဆိုးမြို့နယ်ရှိ ရွာ ၃၀ ကျော်မှ ဒေသခံ ၅၀၀ ခန့်တို့သည် ဧပြီလ ၂၇ ရက်နေ့တွင် ဆန့်ကျင် ဆန္ဒပြခဲ့ကြပါသည်။ ထောင်ဒဏ် ၁၅ ရက် သို့မဟုတ် ငွေဒဏ် ၅၀၀ ကျပ်ဟူ၍ ပြဒ်ဒဏ်များသည် ပေါ့လျော့သော်လည်း ကရင်နီပြည်နယ် လယ်သမားသမဂ္ဂ ဥက္ကဌ ဦးသဲရယ်မှ စစ်တပ်မှ သိမ်းဆည်းခဲ့သည်ကို သက်သေပြနိုင်သလို သူတို့၏ ဘိုးဘွားပိုင်မြေပေါ်တွင် ထွန်ယက်စိုက်ပျိုးသည့်အတွက် လယ်သမားများအား ပြစ်ဒဏ်ချမှတ်ခြင်းကို သူတို့အနေဖြင့် လက်သင့်မခံနိုင်ကြောင်း ပြောကြားလိုက်ပါသည်။
*[၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)]*

# အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ

**Freedom House ၏ အစီရင်ခံစာအတွင်း မြန်မာနိုင်ငံအခြေအနေ ကျဆင်း**

Freedom House ၏ ၂၀၁၅ ခုနှစ် အစီရင်ခံစာအတွင်း မြန်မာနိုင်ငံ၏ သတင်းမီဒီယာ လွတ်လပ်ခွင့်အား အချက် သုံးချက်ဖြင့် တိုင်းတာ၍ ကျဆင်းနေကြောင်း ထုတ်ပြန်ထားပါသည်။ လွန်ခဲ့သော လေးနှစ်အတွင်း သတင်းမီဒီ လွတ်လပ်ခွင့် တိုးတက်မှု ရှိသော်လည်း၊ ၂၀၁၄ ခုနှစ်တွင် သတင်းထောက်များ ရိုက်နှက်ခံရခြင်း၊ သတ်ဖြတ်ခံရခြင်း၊ ထောင်ဒဏ် ချမှတ်ခံရခြင်းနှင့် နိုင်ငံခြားသား သတင်းထောက်များ မြန်မာနိုင်ငံမှ ပြန်လည်ပို့ဆောင်ခံနေရခြင်းတို့ကို တွေ့မြင်နေရပြီး အစိုးရသည် ယခုကာလတွင် ၎င်းတို့၏ မူလပုံစံသို့ ပြန်လည်သွားနေကြောင်း အစီရင်ခံစာမှ သတိပေးထားပါသည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

**ရှေ့နေဦးရောဘတ်ဆန်းအောင် လူ့အခွင့်အရေးဆုအတွက် လျာထားခံရ**

ထင်ရှားသည့် မြန်မာနိုင်ငံ ရှေ့နေတစ်ဦးဖြစ်သူ ဦးရောဘတ်ဆန်းအောင်အား မြန်မာနိုင်ငံလူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူ တစ်ဦးအဖြစ် ၎င်းလုပ်ဆောင်သည့် အလုပ်များအား အသိအမှတ်ပြုသည့်အနေဖြင့် ယခုနှစ်အတွက် Martin Ennals လူ့အခွင့်အရေးဆုပေးအပ်ရန် လျာထားသူသုံးဦးထဲမှ တစ်ဦးအဖြစ် ကြေညာကြောင်း သိရှိရပါသည်။

ရှေ့နေဦးရောဘတ်ဆန်းအောင်သည် "လူ့အခွင့်အရေး ချိုးဖေါက်မှုများအား ရဲရင့်စွာ ပြန်လည်ဆန့်ကျင်ခဲ့ကြောင်း" နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့ ၁၀ ဖွဲ့၏ ဆုပေးရေး ဂျူရီလူကြီးများမှ ပြောကြားလိုက်ပါသည်။ ဦးရောဘတ်ဆန်းအောင်မှ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာဥပဒေပုဒ်မဖြင့် တရားရင်ဆိုင်နေကြရသည့် မြေယာအရေး ဆန္ဒပြသူများအား ရှေ့နေအဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ကော့ပါးမိုင်းစီမံကိန်းအား ဆန့်ကျင်ဆန္ဒပြခဲ့ခြင်းကြောင့် တရားရင်ဆိုင်နေရသည့် ရွာသားများနှင့် အမျိုးသားပညာရေး ဥပဒေအားဆန့်ကျင် ဆန္ဒပြခဲ့ကြသည့်အတွက် သာယာဝတီအကျဉ်းထောင်အတွင်း ဖမ်းဆီးထိန်းသိမ်းခံရသည့် ကျောင်းသားများအားလည်း ရှေ့နေအဖြစ် ဆောင်ရွက်ပေးလျက် ရှိပါသည်။
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

# နိဂုံးချုပ်နှင့်သုံးသပ်ချက်

အမျိုးသား ပညာရေး ဥပဒေ ဆန့်ကျင်ဆန္ဒပြသူများအား မတ်လတွင် ဖြိုခွဲမှုပြီးနောက် ဖမ်းဆီးထိန်းသိမ်းခံနေရသူများနှင့် ၎င်းတို့အား ထောက်ခံသူများအရေးသည် ယခုလ၌လည်း တိုင်းပြည်နှင့်အဝှမ်းတွင် ဆက်လက် သက်ရောက်လျက်ရှိနေပြီး၊ ထိုအရေးနှင့်စပ်လျဉ်းသည့် ဆန္ဒပြသူ ၈၀ ဦးတို့သည် အကျဉ်းထောင်အတွင်း ထိန်းသိမ်းခံနေရဆဲ ဖြစ်ပါသည်။ ပိုမိုကောင်းမွန်သည့် ပညာရေး လွတ်လပ်မှုကို တောင်းဆိုခဲ့သည့်အတွက် ကျောင်းသား ခေါင်းဆောင်များသည် အနည်းဆုံး ထောင်ဒဏ် အနှစ် ၂၀ ကျခံရနိုင်သည့် ဥပဒေပုဒ်မများဖြင့် တရားရင်ဆိုင်နေရပါသည်။

ဖမ်းဆီးခံထားရသည့် ကျောင်းသားများ လွတ်မြောက်ရန် တောင်းဆိုခဲ့သည့် တက်ကြွလှုပ်ရှားသူ တစ်ချို့ ထပ်မံတရားစွဲ ဖမ်းဆီးခံနေရသလို ထိုမတ်လ ကျောင်းသားဆန္ဒပြပွဲနှင့် စပ်ဆက်ပြီး နောက်ထပ် ကျောင်းသားများနှင့် ထောက်ခံသူများ ဖမ်းဆီးထိန်းသိမ်းခံနေရပါသည်။ ထိုဆန္ဒပြပွဲနှင့်စပ်လျဉ်းပြီး စုစုပေါင်း တက်ကြွလှုပ်ရှားသူ ၁၇၅ ဦး တရားရင်ဆိုင်နေရကာ၊ ၎င်းတို့အထဲမှ အများစုသည် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် တရားရင်ဆိုင်နေရခြင်းဖြစ်သည်။ ၎င်းတို့၏ အခြေခံ လူ့အခွင့်အရေးများအတွက် ဆောင်ရွက်နေကြသည့် ကျောင်းသားများနှင့် တက်ကြွလှုပ်ရှားသူများအား ဖမ်းဆီး၊ ထောင်ချခြင်းဖြင့် လွတ်လပ်စွာ စုဝေးခြင်းနှင့် ထုတ်ဖော်ဆန္ဒပြခြင်းတို့ကို ဖိနှိပ်အဆုံးသတ်ရန်အတွက် နိုင်ငံတကာ စံနှုန်းများကို ချိုးဖောက်မှုဖြစ်နေပါသော်လည်း အစိုးရသည် ပုဒ်မ ၁၈ ကို အပြင်းအထန် ဆက်လက် အသုံးပြုနေပါသည်။

ဖမ်းဆီးခံထားရသည့် ကျောင်းသားများ၏ အခြေအနေသည်လည်း လွန်စွာစိုးရိမ်ရပြီး ဖြိုခွဲမှုအတွင်း အပြင်းအထန် ဒဏ်ရာ ရရှိခဲ့သည့် ကျောင်းသားများသည် ဦးခေါင်းတွင် ဒဏ်ရာများ ရရှိခဲ့ကာ သင့်တော်လုံလောက်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ယခုအချိန်အထိ မရရှိပါ။ ဖမ်းဆီးခံ ကျောင်းသားများအနေဖြင့် ၎င်းတို့အတွက် အကျိုးဆောင်ရှေ့နေ ရရှိရန်လည်း ခက်ခဲလျက်ရှိပြီး မိသားစု တွေ့ဆုံခွင့်လည်း ပုံမှန် မရရှိကြပါ။ အစိုးရမှ မိသားစုများ တရားရုံးချိန်းတွင် ဝင်ရောက်နားထောင်ရန် ခွင့်ပြုခြင်းမရှိပဲ၊ တရားရုံးချိန်း နေရာများကိုလည်း ပြောင်းရွှေ့ခဲ့ပါသည်။ ကျောင်းသားများ၏ တရားရုံးချိန်းအား လက်ပံတန်းမြို့နယ်မှ သွားရောက်ရန် ပိုမိုခက်ခဲသည့် သာယာဝတီခရိုင် တရားရုံးသို့ ပြောင်းရွှေ့ခြင်းသည် မလိုအပ်ပါပဲ လုံခြုံရေး အကြောင်းပြချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ ဖမ်းဆီးခံကျောင်းသားများ၏ အမှုကို နှောင့်နှေးစေရန်နှင့် လူအများအပြား ထောက်ခံမှုကို တားဆီးရန်အတွက် ကြိုးစားမှုဖြစ်ကြောင်း သိသာထင်ရှားနေပါသည်။ ထို့အပြင် တရားရုံးမှ လက်ရှိဖမ်းဆီးထိန်းသိမ်းခံထားရသည့် ကျောင်းသားများ၏ အမှုများကို မကြားနာမှီ တိမ်းရှောင်လွတ်မြောက်နေသည့် ကျောင်းသားခေါင်းဆောင် သုံးဦး၏ အမှုကို ဦးစွာကြားနာရန် စီစဉ်ထားကြောင်း ကြေညာလိုက်ခြင်းသည် အမှုကို ပိုမိုနှောင့်နှေးစေရန် စီစဉ်လိုက်ခြင်းပင်ဖြစ်သည်။

တစ်ပြိုင်နက်တည်းမှာပင်၊ အစိုးရနှင့် ကျောင်းသားများ ဆွေးနွေးစဉ်အတွင်း သဘောတူညီမှု ရရှိခဲ့သည့် ကျောင်းသားတို့၏ အဓိက တောင်းဆိုချက်များကို မထည့်သွင်းပဲ မြန်မာပါလီမာန် အောက်လွှတ်တော်မှ အမျိုးသား ပညာရေးဥပဒေအား ပြင်ဆင်ဖြည့်စွက်ပြီး ပြဌာန်းခဲ့ပါသည်။

ကော်မတီ အဖွဲ့ဝင်တို့နှင့် ဆွေးနွေးညှိနှိုင်းမှု လုံးဝ မရှိပါပဲ နိုင်ငံရေး အကျဉ်းသား ရေးရာကော်မတီဆိုသည့် အမည်အား နိုင်ငံရေး အကျဉ်းသား စီစစ်ရေး ကော်မတီအဖြစ် ပြန်လည်ပြောင်းလဲကြောင်းကို အစိုးရ၏ ဆုံးဖြတ်ချက်ဖြင့်သာ ယခုလအစောပိုင်းတွင် ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်း သတင်းမီဒီယာများ သိရှိရပါသည်။ ကော်မတီ၏အမည် ပြောင်းလဲရန်ကိုသာ အာရုံစိုက်နေပြီး မြန်မာနိုင်ငံအတွင်း ရုတ်တရက် တိုးမြင့်လာသည့် နိုင်ငံရေးအကျဉ်းသား အရေးအတွက်ကို ထည့်သွင်း စဉ်းစားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ယခင်ကော်မတီ၏ အဓိက အဖွဲ့ဝင်များကို ထုတ်ပယ်ထားပြီး၊ ကော်မတီမှ ယခုနှစ်အတွင်း တွေ့ဆုံဆွေးနွေးမှု မပြုလုပ်နိုင်ခြင်းသည် နိုင်ငံရေးအကျဉ်းသား အရေးကိစ္စအား အစိုးရမှ စိတ်ဝင်စားမှု မရှိကြောင်း သိသာထင်ရှားနေပါသည်။ ထို့အပြင် ကော်မတီ၏ ဦးဆောင်မှု အခန်းကဏ္ဍသည်လည်း ပြောင်းလဲမှု မရှိပါပဲ၊ ပြည်ထဲရေးဝန်ကြီး ဌာနမှ လက်တစ်လော ကျောင်းသား ဆန္ဒပြပွဲအား နှိမ်နင်းရန်နှင့် ဆက်လက်ဖမ်းဆီးမှုများ ပြုလုပ်ရန် တာဝန်ယူထားချိန်တွင်၊ နိုင်ငံရေး အကျဉ်းသား စီစစ်ရေး ကော်မတီ၏ ဥက္ကဋ္ဌ ဖြစ်သည့် ဒုတိယ ပြည်ထဲရေးဝန်ကြီးမှ နိုင်ငံရေးအကျဉ်းသား အရေးကိစ္စအား မည်သို့မည်ပုံ အရေးတယူ လုပ်ဆောင်ပေးနိုင်မည်ဆိုသည်မှာ အလွန် နားလည်ရန် ခက်ခဲလှသည့် ကိစ္စတစ်ရပ် ဖြစ်နေပါသည်။

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင် အတွင်းရေးမှူး** +၆၆ (၀) ၈၁ ၂၈၇၈ ၇၅၁
**ဘိုကြည် တွဲဘက်အတွင်းရေးမှူး** +၆၆ (၀) ၈၁ ၉၆၂၈ ၇၁၃

# အရေးပါသော ဆက်စပ်သတင်းများ ဖတ်ရန် Links

### ဧပြီလ ၁ ရက်

*ကျောင်းသားဆန္ဒပြပွဲတွင် ပါဝင်ခဲ့သော မသန်စွမ်းအမျိုးသမီးကို အိမ်ခန်းဖယ်ရှားခိုင်းခြင်းအား ဂန်ကြီးဌာနမှ ငြင်းဆန်၊ ရေဝတီ (အင်္ဂလိပ်)*
*ကိုသန့်ဇင် ဆန္ဒပြခြင်းကြောင့် အဖမ်းခံရ၊ အလဲဗင်း (အင်္ဂလိပ်)*
*မြေယာအရေး ဆန္ဒပြသူတစ်ဦး ပြစ်ဒဏ် သုံးလချမှတ်ခံရ၊ Burma News International (အင်္ဂလိပ်)*
*ကျောင်းသားသပိတ်ထောက်ခံသော နိုင်ငံရေးအကျဉ်းသားဟောင်း ငါးဦးအား ရဲမှ ဖမ်းထုတ်၊ လွတ်လပ်တဲ့ အာရှအသံ*

### ဧပြီလ ၂ ရက်

*လွတ်မြောက်လာသော ထိန်းသိမ်းခံကျောင်းသားများ ထပ်မံတရားရင်ဆိုင်နေရ၊ ရေဝတီ (အင်္ဂလိပ်)*
*ထိန်းသိမ်းခံကျောင်းသားများ၏ ကျန်းမာရေးနှင့် မိဘများစိုးရိမ်၊ ရေဝတီ (အင်္ဂလိပ်)*
*လယ်သမားငါးဦး လွတ်ရက်စေ့၍ အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်၊ လွတ်လပ်တဲ့ အာရှအသံ*
*ဆန္ဒပြခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူ ၄၇ ဦး တရားစွဲဆိုခံရ၊ လွတ်လပ်တဲ့ အာရှအသံ*

### ဧပြီလ ၃ ရက်

*ဒေါ်နော်အုန်းလှ အင်းစိန်ထောင်တွင် ပြစ်ဒဏ် လေးလချမှတ်ခံရ၊ ရေဝတီ (အင်္ဂလိပ်)*
*ပွင့်လင်း မြင်သာသော တရားစီရင်မှု ရရှိရန် မဖြိုးဖြိုးအောင် တောင်းဆို၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*တက်ကြွလှုပ်ရှားသူများမှ နိုင်ငံရေးအကျဉ်းသားကော်မသီအသစ်အား ဝေဖန်၊ မြန်မာတိုင်း (အင်္ဂလိပ်)*
*တက်ကြွ လှုပ်ရှားသူများ ပထမအကြိမ် ရုံးထုတ်သည့် နေ့တွင် ပြစ်ဒဏ် ချမှတ်ခံရ၊ အလဲဗင်း (အင်္ဂလိပ်)*

### ဧပြီလ ၅ ရက်

*ရန်ကုန် ဆန္ဒပြသူတစ်ဦး လျှပ်စစ်မီတာဈေးနှုန်းတက်မှုကို ဆန္ဒပြသည့်အတွက် သုံးလ ပြစ်ဒဏ် ချမှတ်ခံရ၊ အလဲဗင်း (အင်္ဂလိပ်)*

### ဧပြီလ ၇ ရက်

*ကျောင်းသားများ၏ အမှုများအား သာယာဝတီခရိုင် တရားရုံးသို့ လွှဲပြောင်း၊ ရေဝတီ (အင်္ဂလိပ်)*
*ထိန်းသိမ်းခံကျောင်းသားများ၏ ကျန်းမာရေးနှင့် မိဘများစိုးရိမ်၊ ရေဝတီ (အင်္ဂလိပ်)*
*ထိန်းသိမ်းခံကျောင်းသားများထံသို့ လည်ပတ်ရန် မိသားစုဝင်များ နှင့် ရှေ့နေများ ငြင်းပယ်ခံရ၊ အလဲဗင်း (အင်္ဂလိပ်)*
*ကျောင်းသားများ အမှုပေါင်း ငါးဆယ်ကျော်ဖြင့် တရားရင်ဆိုင်နေရ၊ ရေဝတီ (အင်္ဂလိပ်)*

### ဧပြီလ ၈ ရက်

*ကျောင်းသားများ၏ အဓိက တောင်းဆိုချက်များအား ပညာရေးဥပဒေမူကြမ်းထဲတွင် အထက်လွှတ်တော်မှ ထည့်သွင်းခြင်းမပြု၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*ကျောင်းသားများ အမှု ငါးဆယ်ကျော်ဖြင့် တရားရင်ဆိုင် နေရ၊ မြန်မာတိုင်း၊ (အင်္ဂလိပ်)*
*ဖမ်းဆီးခံကျောင်းသားများထံသို့ မိသားစုဝင်များနှင့် ရှေ့နေများ တွေ့ဆုံရန် ငြင်းပယ်ခံရ၊ မြန်မာတိုင်း (အင်္ဂလိပ်)*
*ကိုဝေဠု ထောင်ဒဏ် တစ်နှစ် ချမှတ်ခံရ၊ လွတ်လပ်တဲ့ အာရှအသံ*

### ဧပြီလ ၉ ရက်

*ကျောင်းသားသပိတ်တွင် ပါဝင်ခြင်းအတွက် မပိုပိုဖမ်းဆီး၊ တရားစွဲဆိုခံရ၊ ရေဝတီ (အင်္ဂလိပ်)*

### ဧပြီလ ၁၀ ရက်

*ကျောင်းသားများ၏ အဓိက တောင်းဆိုချက်များအား အထက်လွှတ်တော်မှ ပညာရေး ဥပဒေမူကြမ်းထဲတွင် ထည့်သွင်းခြင်းမပြု၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*တရားရုံးမှ လက်ပန်းတောင်း ကြေးနီစီမံကိန်း ဆန္ဒပြသူတစ်ဦး အသသတ်ခံရမှု၌ ရဲတွင် အပြစ်ရှိဟု အပြစ်ရှိဟု ပြောကြား၊ ဒီဗွီဘီ (အင်္ဂလိပ်)*

### ဧပြီလ ၁၄ ရက်

*ထောင်ထဲတွင် အစာငတ်ခံ ဆန္ဒပြသူတစ်ဦးအား စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ဆောင်၊ ဒီဗွီဘီ ဒီဗွီဘီ (အင်္ဂလိပ်)*

### ဧပြီလ ၁၅ ရက်

*အစိုးရ၊ ရဲ နှင့် စစ်တပ်အား ကျိန်ဆဲစာ ရေးသည့် နိုင်ငံတကာ အသိအမှတ်ပြု ပန်းချီဆရာ ပန်းချီဆရာ အဖမ်းခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*

### ဧပြီလ ၁၉ ရက်

*ကိုထင်ကျော် ထောင်တွင်း ဆန္ဒပြ၊ လွတ်လပ်တဲ့ အာရှအသံ*

### ဧပြီလ ၂၃ ရက်

*ကိုသိန်းအောင်မြင့် ခြောက်လ ပြစ်ဒဏ် ချမှတ်ခံရ၊ ရေဝတီ (အင်္ဂလိပ်)*
*ကိုရဲကျော်သူ တစ်နှစ်ခွဲ ပြစ်ဒဏ် ချမှတ်ခံရ၊ လွတ်လပ်တဲ့ အာရှအသံ*
*ကျောင်းသားများ အမှုပေါင်း ငါးဆယ်ကျော်ဖြင့် တရားရင်ဆိုင်နေရ၊ ရေဝတီ (အင်္ဂလိပ်) (အင်္ဂလိပ်)*
*ရှေ့နေဦးရောဘတ်စန်းအောင် လူ့အခွင့်အရေးဆု ချီးမြှင့်ရန် လျာထားခံရ၊ ရေဝတီ (အင်္ဂလိပ်) (အင်္ဂလိပ်)*
*ရှေ့နေ ဦးရောဘတ်စန်းအောင် လူ့အခွင့်အရေးဆု ချီးမြှင့်ရန် လျာထားခံရ၊မစ်ဇ္ဇိမ (အင်္ဂလိပ်) (အင်္ဂလိပ်)*

### ဧပြီလ ၂၈ ရက်

*နိုင်ငံတော်အလံအား ကျောင်းသားသမဂ္ဂ အလံဖြင့် အစားထိုးစိုက်ထူသည့်အတွက် မြင်းခြံကျောင်းသား ခေါင်းဆောင် ဖမ်းဆီးခံရ၊ လွတ်လပ်တဲ့ အာရှအသံ*
*ထွန်တုံးတိုက်ပွဲ ဆင်နွှဲသူ လယ်သမားတို့ ပြစ်ဒဏ်ချမှတ်ခံရမှုအပေါ် ရွာသားများ ဆန္ဒပြ၊ ဒီဗွီဘီ ဒီဗွီဘီ (အင်္ဂလိပ်)*

### ဧပြီလ ၃၀ ရက်

*ကျောင်းသားများ၏ အမှုများအား သာယာဝတီခရိုင် တရားရုံးသို့ လွှဲပြောင်း၊ ဒီဗွီဘီ (အင်္ဂလိပ်) (အင်္ဂလိပ်)*
*Freedom House အစီရင်ခံစာတွင် မြန်မာအဆင့်လျော့ကျ၊ မစ်ဇ္ဇိမ (အင်္ဂလိပ်)*